■ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး" ကဏ္ဍ

# တရုတ်နိုင်ငံယူနန်ပြည်နယ်ဆေးကုအဖွဲ့သည် မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်၍ အလင်းရောင်ပေးမို့

အောက်တိုဘာလ ၁၁ ရက်က ဆင်ဟွာသတင်းဌာနရန်ကုန်မြို့မှ ပေးပို့သော အထူးသတင်းအရ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဆေးကုအဖွဲ့သည် အောက်တိုဘာလ ၁၀ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရန်ကုန်မြို့တွင် "အလင်းရောင်ခရီးစဉ်" လှုပ်ရှားမှုကို ထပ်မံဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအကြိမ်ခရီးစဉ်မှာ မြန်မာ့မျက်စိအတွင်းတိမ် ရောဂါသည် အယောက် (၂၀၀)အတွက် အခမဲ့ခွဲစိတ်ကုသ ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ် "အလင်းရောင်ခရီးစဉ်"လှုပ်ရှားမှုကို ယူနန်ပြည်နယ်ယူနန်လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာကူးလူးဆက်ဆံမှုချစ်ကြည်ရေးရန်ပုံငွေအဖွဲ့ (ယူနန်ဖောင်ဒေးရှင်း)မှ ရန်ပုံငွေများကို တာဝန်ယူစုဆောင်းပြီး ယူနန်ပြည်နယ် ကျန်းမာရေးနှင့် လူဦးရေထိန်းသိမ်းရေးကော်မတီ၊ ယူနန်ပြည်နယ် အမှတ်(၂) ပြည်သူ့ဆေးရုံတို့မှ ပူးတွဲဆေးကုအဖွဲ့ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အောက်တိုဘာလ ၁၀ ရက်နေ့နံနက်ပိုင်းတွင် ဆေးကုအဖွဲ့သည် ရန်ကုန်မျက်စိအထူးကုဆေးရုံသို့ ဦးစွာရောက်ရှိပြီးရောဂါဝေဒနာရှင်များအတွက် ကုသပေးသည်။ ဆေးကုအဖွဲ့၏မိတ်ဆက်ခြင်းအရ ယင်းနေ့တွင် ရောဂါဝေဒနာရှင် (၅၁)ဦးအား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ လက်ရှိအစီအစဉ်အရဆေးကုအဖွဲ့သည် အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၂ရက်နေ့ အထိရန်ကုန်မြို့မျက်စိအထူးကုဆေးရုံ၊ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရန်ကုန်မြို့ သီတဂူရွှေပြည်ဟိန်းဆေးရုံတို့တွင် ရောဂါဝေဒနာရှင် (၁၀၀) တို့အတွက် အခမဲ့ခွဲစိတ် ကုသပေးမည်ဖြစ်သည်။ မျက်စိအတွင်းတိမ်ရောဂါအတွက် ခွဲစိတ်ကုသရန် လိုအပ်သောဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ယူနန်ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးမည်ဖြစ်သည်။

ယင်းနေ့ညတွင် ယူနန်ဖောင်ဒေးရှင်းနှင့် ရန်ကုန်မြို့ဝိသာခါဖောင်ဒေးရှင်းတို့က "အလင်းရောင်ခရီးစဉ်" ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ယူနန်ဖောင်ဒေးရှင်း ဒါရိုက်တာချိန်ယူချွမ်းနှင့် ဝိသာခါဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌဒေါ်ရွှေစင်တို့က သဘောတူစာချုပ်တွင် အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။



ယူနန်ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ်ကစတင်တည်ထောင်ပြီးသည့်နောက် မြန်မာနိုင်ငံတွင် ပရဟိတစီမံကိန်းများကိုတက်ကြွစွာ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မန္တလေးမြို့၊ မြောက်ပိုင်းမှ ကချင်ပြည်နယ်မြို့တော်မြစ်ကြီးနားမြို့၊ အရှေ့ပိုင်းမှရှမ်းပြည်နယ်တောင်းပိုင်းမြို့တော်တောင်ကြီးမြို့တို့တွင် "အလင်းရောင်ခရီးစဉ်" လှုပ်ရှားမှုများကို (၄)ကြိမ်တိုင်ကျင်းပခဲ့ပြီး မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင် အယောက် (၉၀၀)ကျော်အတွက် အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။ ပြုလုပ်ခဲ့သည့် ခွဲစိတ်ကုသမှုမှန်သမျှမှာ ရာနှုန်းပြည့်အောင်မြင်နိုင်ခဲ့သည်။

ယူနန်ဖောင်ဒေးရှင်း၏ မိတ်ဆက်ခြင်းအရ"အလင်းရောင်ခရီးစဉ်" လှုပ်ရှားမှုဖြင့် မျက်စိအတွင်းတိမ် ရောဂါဝေဒနာရှင်များအား အလင်းရောင်ပြန်လည်ရရှိရန်ကူညီပေးပြီး ၎င်းတို့အား သန်စွမ်းသူများကဲ့သို့ ကောင်းမွန်ချမ်းသာသောဘဝကို ပြန်လည်ခံစား စေမည်ဖြစ်ကြောင်း၊ ယူနန်ဖောင်ဒေးရှင်းနှင့် ယူနန်ဆေးကုအဖွဲ့တို့သည် "အလင်းရောင်ကိုလက်ဆင့်ကမ်းရန်၊ ချစ်ကြည်ရေးကို လက်ဆင့်ကမ်းရန်၊ အချစ်စိတ်ကို လက်ဆင့်ကမ်းရန်၊ သံယောဇဉ်ကို လက်ဆင့်ကမ်းရန်"ကို ဆောင်ပုဒ်အဖြစ်ထားပြီးတရုတ်-မြန်မာနှစ်နိုင်ငံ၏ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး" အဆက်မပြတ် တိုးတက်ခိုင်မြဲရန်အတွက် တက်ကြွစွာအကျိုးဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းထောက် - ကျွမ်ပေနင်

# "ယူနန်ပြည်နယ်ရှိ နိုင်ငံခြားသားများ" ကျောက်နင်ဟန် – ကျွန်းနိုင်ငံအပေါ် မေတ္တာထား

အီကြွေတာ အနီးတစ်ဝိုက်တွင် ထောင်သောင်းများစွာသော ကျွန်းများရှိသည်။ ယင်းကွက်ကျား ပြန့်နှံ့လျက်ရှိသောကျွန်းများသည် ပြောက်ကျိုးပြောက်ကျားရောင်စုံထသော ကျပ်ကြိုးပြားတစ်ပြားအဖြစ် ဖြစ်တည်လာသည်။ ဤသည်ကားလှပ၍ သယံဇာတပေါများ ကြွယ်ဝသော ကျွန်းနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံဖြစ်သည်။ ယင်းပင်လယ်ရေတကွေ့ကွေ့၊ ကောင်းကင်ပြာတကွက်ကွက်၊ စေတီတဆူဆူ၊ ၎င်းနောက်ကွယ်မှ ပုံပြင်များကြောင့် ရောက်ခဲ့ဖူးသော ခရီးသည်တိုင်းအား ယင်းနေရာကို နက်ရှိုင်းစွာစွဲမက်စေနိုင်သည်။



ကျွန်တော့်နာမည်ကို ကျောက်နင်ဟန်ဟုခေါ်သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ် အင်ဒိုနီးရှား ဘာသာရပ်မှ ကျောင်းသားတစ်ဦးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ကျွန်တော်သည် ပညာဆည်းပူးရန်အိပ်မက်ဖြင့် ဤပန်းချီကားချပ်ပမာလှပသော နေရာသို့ရောက်ရှိလာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံဂျာဗားကျွန်း၌တည်ရှိ၍ ရီရယ်ဟုခေါ်တွင်သော ယင်းမြို့သည်ကျွန်တော့်အတွက် ပညာဆည်းပူးရန်၊ နေထိုင်ရန် နေရာပင်ဖြစ်သည်။ ယင်းနေရာတွင် တိုက်ကြီးတာကြီးရှားပါးလှသော်လည်းတမူထူးခြားသော တိုက်နိမ့်အဆောက်အအုံများကိုမူ နေရာတကာတွင်တွေ့မြင်နိုင်သည်။ ယင်းမြို့၏သမိုင်းကိုလည်း အဆောက်အအုံတိုင်းတွင် သက်ဝင်လှုပ်ရှားအောင် ထုထွင်းထားသယောင်ယောင် ခရီးသည်များအား ယင်းမြို့၏ရှေးဟောင်းသော ရသများကို ခံစားစေသည်။ ကျွန်တော်ဆက်လက်ခရီးထွက်မည့် အင်ဒိုနီးရှားခရီးစဉ်ကိုပိုပြီးမျှော်လင့်တောင့်တစေတော့သည်။

အင်ဒိုနီးရှားနိုင်ငံတွင်နေထိုင်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ကျွန်တော့်အတွက်မေ့ကျန်ရန်အခက်ဆုံးသော ခရီးစဉ်မှာဘာလီကျွန်းခရီးစဉ်ဖြစ်သည်။ ယင်း"နတ်ပြည်ကျွန်း"ဟု ခေါ်စမှတ်ပြုခံရသောနေရာတွင် ကျွန်တော်ပင်လယ်ကြီးကို ပထမဆုံးအကြိမ် တွေ့မြင်ရသည်။ ကျွန်တော်သည် ချစ်သူများချောက်ကမ်းမှဖြတ်ကျော်ပြီး ချောက်ကမ်းပါးပြတ်နှင့် ပင်လယ်ကြီးအကြားပြီးပြည့်စုံစွာ ဖွဲ့စည်းထားခြင်းမှ ဆောင်ကြဉ်းလာသော တုန်လှုပ်မှုကိုခံစားခဲ့ရသည်။ ကျွန်တော်ကျင်ပါလန်သဲသောင်ပြင်သို့ သွားရောက်၍ လှိုင်းသံကို နားထောင်၊ နေဝင်ဆည်းဆာအလှကို ရှုစားရင်း သူငယ်ချင်းနှင့်တကွ ရိုမန်တစ်ဆန်သော ပင်လယ်ကမ်းနားညစာစားခဲ့ကြသည်။ ကျွန်တော်ကျောက်စိမ်းပမာ ကြည်လင်သော လန်မုံ့ကျွန်းသို့ ရောက်ရှိ၍ တောင်ခုလတ်ရှိလုံးချင်းအိမ်တွင်တည်းခိုခဲ့သည်။ ဆိုင်ကယ်စီး၍တစ်ကျွန်းလုံးကို လည်ပတ်ကြည့်ရှုခဲ့သည်။ ပင်လယ်ရေတွင် ပထမဆုံးအကြိမ်ငုပ်၍ ရေအောက် ကမ္ဘာကြီးကို ရှုစားခဲ့သည်။ ကျေးလက်ဒေသတွင် ကြီးပြင်းလာသူတစ်ယောက်အဖြစ် ပင်လယ်ရေလှိုင်းနှင့် သဲသောင်ပြင်မှကျွန်တော့်ကို ဆောင်ကြဉ်းပေးသောအတွေ့အကြုံများမှာကျွန်တော့်ငယ်စဉ်ဘဝ၏ ဆုတံဆိပ်တစ်ခုအဖြစ် ပြောင်းလဲသွားသကဲ့သို့ ကြာရှည်စွာပြန်ပြောင်းခံစားစေနိုင်မည်ဖြစ်သည်။

ယူနန်သို့ ပြန်ရောက်လာပြီးသည့်နောက် ကျွန်တော်သည် အင်ဒိုနီးရှားဘာသာဆက်လက်သင်ယူရန် မဟာဘွဲ့ရွေးချယ်ခဲ့သည်။ ယင်းသည် အင်ဒိုနီးရှားခရီးစဉ်မှအတွေ့အကြုံကြောင့် ထိုသို့ရွေးချယ် ထားခြင်းဖြစ်သည်။ နှစ်နိုင်ငံပြည်သူများအပြန်အလှန်သွားလာမှု တိုးများလာသည်နှင့်အမျှ ယူနန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆက်ဆံရေးသည်လည်း တစ်နေ့တစ်ခြားရင်းနှီးလာလျက်ရှိသည်။ မိမိ၏ အတွေ့အကြုံနှင့် တတ်မြောက်ထားသော ဗဟုသုတများဖြင့် မိမိ၏ဇာတိမြေ ယူနန်နှင့် အင်ဒိုနီးရှားနိုင်ငံအကြား ချစ်ကြည်ရေး ပေါင်းကူးတံတားအတွက် တတ်အားသမျှ အကျိုးဆောင်ပေးမည်ဟု မျှော်လင့်ထားသည်။

သတင်းထောက် - ကျောက်နင်ဟန်